## ဆောင်းဝင်းလတ်၏ အမှာစာ

ညီလင်းသစ်၊ မယ်ကိုး၊ သတိုး၊ မြသွေးနီ၊ ဏီလင်းညို၊ ခင်လေးငယ်၊ မြစ်ကျိုးအင်း၊ အိမ့်ချမ်းမြေ့ ရေခဲငှက်၊ မြတ်မွန်တို့ ရေးသည့် စာစုများတွင် လူ့လောက၏ သဘာဝတရားများကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပါသည်။

**ကတ်ကြေးတစ်ကိုက်**ကို ဖတ်သည်။ မိဖမေတ္တာမွဲကို ခံစားရပါသည်။ မွေးကင်းစကလေးတစ်ယောက်အပေါ်တွင် ထားရှိသော မိဖ၏ ရင်တွင်းခံစားချက်မှာ ပေါ်လွင်ပါသည်။

**မြူတစ်ကောင်ရဲ့ဖြောင့်ချက်**မှာလည်း မိန်းကလေးတစ်ယောက်၏ စိတ်ဖြစ်စဉ်ကို ပြက်ပြက်ထင်ထင်မြင်သာထင်သာအောင် စကားလုံးများဝါကျများဖြင့် ဆေးသားဆင့်သွားနိုင်ကြောင်း သတိထားမိလိုက်ပါသည်။

**သစ္စာအထားအသို**တွင်မူ လူသားဆန်လှပြီး လုပ်ငန်းရှင်ကြီးမဆန်ဘဲ ကိုယ့်အဝန်းအဝိုင်းထဲမှ အလုပ်သမားမိသားစုများအပေါ် စွန့်လွှတ်အနစ်နာခံတတ်သူတစ်ဦး၏ သရုပ်သဏ္ဌာန်ကို ပုံဖော်ရေးဖွဲ့သွားနိုင်ပါသည်။

**သံသယကန့်လန့်ကာ**ကို ဖတ်ကြည့်သောအခါ လူ့သဘာဝထဲမှာ ဟန်ဆောင်တတ်မှုနှင့် မရိုးသားမှုကို အားပြုကာလှုပ်ရှားသွားလာနေတတ်သူလူတန်းစားတစ်ရပ်ရှိနေကြောင်းမီးမောင်းထိုးပြထားတာတွေ့လိုက်ရသည်။

**နီဂုံးမဲ့တေးသွားတွင်တော့** ငယ်ရွယ်သူတချို့တို့၏ စိတ်လှုပ်ရှားတတ်မှုသဏ္ဌာန်လေးများကို ရိုးရိုးလေးပင်ရေးဖွဲ့သွားနိုင်စွမ်းရှိတာဖတ်လိုက်ရသည်။

**သက်ငြိမ်၌စီးမျောခြင်း**မှာ ကဗျာဆန်သော အနုရသတစ်ခုပင် ဖြစ်သည်။

**အမေ့စိန်နားကပ်**ထဲမှာ သားသမီးမျိုးများစွာ သံသရာမှာရှိနေတတ် ကြမေရာ သည်စာစုလေးကို ဖတ်ရလျှင် တိုက်ဆိုင်မှုတစ်ခုအနေဖြင့် ဩော်…အမေရယ်…ဟုများ နောင်တတရားတွေ ရနေကြလေမည်ထင်၏။

**ခရေရှင်**ကို ဖတ်ရပြန်သောအခါ တွေ့ဆုံကြုံကွဲမမြဲမှုတာ လောကသံသရာစက်ဝိုင်းကြီးထဲမှ ဖွင့်ဟကြေကွဲမှုအစုအဝေးကို နွေးခနဲနားလည်ခံစားလိုက်ရပြန်သည်။

**မြင်းရိုင်း**ကတော့ မိသားစုမေတ္တာဖွဲ့တစ်ပုဒ်ပင်ဖြစ်သည်။ လောကမှာ မိမိ၏ မိသားစုသည်သာလျှင် စုစည်းရာ မိမိ မိသားစုသည်သာလျှင် အင်အားဆိုသည် ကို ပုံဖော်ဖွဲ့ဆင်သွားတာမြင်လိုက်ရလေသည်။

**မေတ္တာဖြင့်မိုး နှလုံးသားနှင့်ကာ**တွင်မူ ရေမြေဒေသအငွေ့အသက်ကြောင့် ဝိုးနောင့်ဗျာပွေဖြစ်ရသော မောဟိုက်မှုများ၊ တုန်လှုပ်ခြောက်ခြားမှုများကို အသိတရားနှင့် သတိထားဖွယ်ဖြစ်အောင် ရေးဖွဲ့သွားနိုင်တာ မြင်လိုက်ဖတ်လိုက်ရပါ သည်။

**မသိကိန်း၏တန်ဖိုး**မှာ ဥပါဒါန်ကြောင့် ဥပါဒ်မရောက်စေဖို့ စာရေးသူဖက်မှ စေတနာပါပါဖြင့် ပုံဖော်တင်ပြသွားတာကို ဂရုပြုလိုက်မိပါသည်။

**တိမ်နဲ့ရေးတဲ့အိမ်**မှာတော့ ဝေးတစ်မြေမှ အထီးကျန်ရသကို စကားလုံးရွေးချယ်မှုအနုပညာအား ကောင်းစွာဖြင့် ရေးဖွဲ့သွားတာဖတ်လိုက်ရပါသည်။

**အမွေအနှစ်**ကိုတော့ ယနေ့မျက်မှောက်ကာလတွင် မပီကလာပီကလာ အသံမျိုးဖြင့် 'ဖွတ်' လုပ်၍ စကားပြောချင်သူများ၊ စကားပြောဆိုနေသူများ၊ သီချင်းဆိုနေချင်သူများ၊ သရုပ်ဆောင်နေချင်သူများ၊ အစီအစဉ်ကြေညာနေချင်သူများ၊ အခမ်းအနားမှူးလုပ်နေချင်သူများ စသဖြင့်… စသဖြင့်… ဖတ်ခွင့်ရကြစေချင်ပါသည်။

**နှလုံးသားရှိတဲ့အရပ်**မှာတော့ ငွေကြေးတန်ဖိုးနှင့် မိသားစု၏ သံယောဇဉ်တန်ဖိုးကို လှလှပပလေးနှိုင်းယှဉ်ရေးဖွဲ့သွားတာ ရသမြောက်လှပါသည်။

**နေဝင်ပုံပြင်**ကတော့ နှလုံးသားအိပ်မက်အခန်းဆက်ချင်သူ တချို့၏ ရင်ထဲမှ ဘဝအကွေ့ဟု ဆိုရမည်လား။ ဝါကျလေးများက စာဖတ်သူအားဆွဲဆောင်ခေါ်ငင်သွားပါလိမ့်မည်။

**အသံများနှင့်**တွင် စာဖတ်သူတို့ဖက်မှ တစိမ့်စိမ့်တွေးရင်း သဘာဝဗွေဒဿနအမြင်တချို့ကိုပါ စေ့ငုမိလာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

**နိုင်တဲ့အရှုံး**ကို ဖတ်ရသည့်အခါ အကြောင်းတရားနှင့် အကျိုးတရားနှစ်ခုအကြားတွင် သင့်တင့်စွာ ရောင့်ရဲတတ်ခြင်းအတွေးနှင့် ဘဝခရီးဆင့်သင့်ကြောင်းဦးတည်ရေးဖွဲ့ထားသည်ကို မြင်လိုက်ရပါသည်။

**ရိပ်ကြီးနိုလျှင်**မှာတော့ လောကဖြစ်စဉ်တွင် နေ့မြင်ညပျောက် သခါရ ဟင်းလင်းပြင်ကြီးကို ကျေးလက်အငွေ့အသက်လေးဖြင့် ဖတ်ချင့်စဖွယ် ခြယ်မှုန်းသွားတာမြင်လိုက်ရပါသည်။

**လူယောင်ဆောင်သူများ**ကို ဖတ်ရပြန်သောအခါ ချစ်ခြင်းဖွဲ့အိမ်ထောင်ရေးနှင့် မာယာဖွဲ့အိမ်ထောင်ရေးကို နှိုင်းယှဉ်ခံစားနိုင်စေရန် စာဖတ်သူတို့အား အတွေးလှလှဖြင့် ရေးပြထားတာ မြင်လိုက်ရပြန်သည်။

**အသိအမှတ်ပြုမှု**စာစုထဲတွင်တော့ ပုထုဇဉ်တို့မှာဖြစ်လေ့ဖြစ်ထရှိသော၊ စိတ်နေစိတ်ထားသဘာဝကို မှုတချင့်တွက်ကာ ဝါကျလေးတွေဖွဲ့သွားသည်ကို တလေးတစားပင်ဖတ်လိုက်ရပါသည်။

သက်တံ့ဆယ်စင်းကို ဖတ်ရှုခံစားခွင့်ရလိုက်သည့်အတွက် ကျေးဇူးလည်းတင်ကြီးသလို၊ ရေးဖွဲ့သူအားလုံးကိုလည်း လေးစားမိပါသည်။ အားလုံးတွင် အနုပညာအလှတရားကိုယ်စီရှိနေကြသည်ကိုလည်း သတိပြုမိပါသည်။

ဆောင်းဝင်းလတ်
၉ - ၆ - ၂၀၁၂

## မာတိကာ


| | | |
|---|---|---|
| စီစဉ်သူ၏စကား | | ၅ |
| ထုတ်ဝေသူ၏စကား | | ၇ |
| ဆောင်းဝင်းလတ်၏အမှာစကား | | ၉ |
| ရဲသွေးမိုး၏အမှာစကား | | ၁၃ |
| ညီလင်းသစ် | ကတ်ကြေးတစ်ကိုက် | ၁၈ |
| မယ်ကိုး | မြူတစ်ကောင်ရဲ့ဖြောင့်ချက် | ၂၄ |
| သတိုး | သစ္စာအထားအသို | ၂၈ |
| မြသွေးနီ | သံသယကန့်လန့်ကာ | ၃၈ |
| ဏီလင်းညို | နီဂုံးမဲ့တေးသွား | ၄၄ |
| ခင်လေးငယ် | သက်ငြိမ်၌စီးမျောခြင်း | ၆၆ |
| မြစ်ကျိုးအင်း | အမေ့စိန်နားကပ် | ၇၂ |
| အိမ့်ချမ်းမြေ့ | ခရေရှင် | ၈၂ |
| ရေခဲငှက် | မြင်းရိုင်း | ၉၈ |
| မြတ်မွန် | မေတ္တာဖြင့်မိုးနှလုံးသားနှင့်ကာ | ၁၀၀ |
| **Blogger Profiles** | | ၁၀၈ |
| မြတ်မွန် | မသိကိန်း၏တန်ဖိုး | ၁၄၀ |
| ရေခဲငှက် | တိမ်နဲ့ရေးတဲ့အိမ် | ၁၅၂ |
| အိမ့်ချမ်းမြေ့ | အမွေအနှစ် | ၁၆၀ |
| မြစ်ကျိုးအင်း | နှလုံးသားရှိတဲ့အရပ် | ၁၇၂ |
| ခင်လေးငယ် | နေဝင်ပုံပြင် | ၁၈၂ |
| ဏီလင်းညို | အသံများနှင့် | ၁၉၀ |
| မြသွေးနီ | နိုင်တဲ့အရှုံး | ၁၉၈ |
| သတိုး | ရိပ်ကြီးနိုလျှင် | ၂၀၆ |
| မယ်ကိုး | လူယောင်ဆောင်သူများ | ၂၁၄ |
| ညီလင်းသစ် | အသိအမှတ်ပြုမှု | ၂၂၀ |